# ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများ သိရှိရမည့် အချက်များ

၁။ တရားဝင်သွားရောက်လုပ်ကိုင်ခြင်း အကျိုးကျေးဇူးများ

(က) လုံခြုံစိတ်ချစွာ ခရီးသွားလာအလုပ်လုပ်ကိုင်နိုင်ခြင်း၊

(ခ) သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပါ ခံစားခွင့်များနှင့် ကာကွယ်စောင့်ရှောက် မှုများ ရရှိခြင်း၊

(ဂ) သတ်မှတ်လုပ်ခလစာကို ခံစားခွင့်ရခြင်း၊

(ဃ) သွားရောက်လုပ်ကိုင်သည့် နိုင်ငံအတွင်းလွတ်လပ်စွာ သွားလာနိုင်ခြင်း၊

(င) ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေးခံစားခွင့်၊ အခြားအာမခံနှင့် လျော်ကြေးငွေများ ရရှိခံစားနိုင်ခြင်း၊

(စ) လူကုန်ကူးခံရမှု၊ လုပ်အားခေါင်းပုံဖြတ်ခံရမှုနှင့် အလုပ်ရှင်ဖိနှိပ်မှုများမှ လွတ်မြောက်ခြင်း၊

(ဆ) အလုပ်လုပ်ကိုင်ခွင့်သက်တမ်းကုန်ဆုံးပါက မိမိနိုင်ငံသို့ လုံခြုံစိတ်ချစွာ ပြန်လာနိုင်ခြင်း။

၂။ တရားမဝင် သွားရောက်ခြင်းကြောင့် ကြုံတွေ့နိုင်သည့် အခက်အခဲများ

(က) သွားရောက်လုပ်ကိုင်သည့် နိုင်ငံအတွင်း လွတ်လပ်စွာ သွားလာနိုင်မှု မရှိခြင်းနှင့် ချုပ်နှောင်ခိုင်းစေခံရနိုင်ခြင်း၊

(ခ) သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပါ ခံစားခွင့်နှင့် ကာကွယ်စောင့်ရှောက်မှု မရနိုင်ခြင်း၊

(ဂ) ကျန်းမာရေးစောင့်ရှောက်ခွင့်နှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များမရနိုင်ခြင်း၊

(ဃ) ဖမ်းဆီးခံရခြင်း၊ အပြစ်ပေး အရေးယူခံရခြင်းနှင့် ပြည်နှင်ဒဏ်ပေးခံရခြင်း၊

(င) လူကုန်ကူးခံရနိုင်ခြင်း၊ လုပ်အားနှင့် ငွေကြေးခေါင်းပုံဖြတ်မှုနှင့် အလုပ်ရှင်၏ ဖိနှိပ်မှု ခံရနိုင်ခြင်း၊

(စ) ငွေကြေးလိမ်လည်ခံရနိုင်ခြင်းနှင့် သတ်မှတ်လုပ်ခလစာမရရှိခြင်း၊

(ဆ) တရားမဝင် နယ်စပ်ဖြတ်ကျော်ခြင်းကြောင့် သက်ဆိုင်ရာနိုင်ငံမ၏ ဥပဒေနှင့်အညီ အရေးယူခံရနိုင်ခြင်း။

၃။ ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုပါက အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံများသို့ သွားရောက်၍ ပြည်ပ အလုပ်အကိုင် အလုပ်သမားမှတ်ပုံတင်ရန်၊

(ခ) ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် တိုက်ရိုက်ချိတ်ဆက်ရန်၊

(ဂ) ကျန်းမာရေး ဆေးစစ်ရန်၊

(ဃ) နိုင်ငံကူးလက်မှတ် (Passport for Job- PJ) လျှောက်ထားရယူရန်၊

(င) ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းတက်ရောက်ရန်၊

(စ) သက်ဆိုင်ရာအလုပ်ရှင်နှင့် အလုပ်ရှင်၊ အလုပ်သမား၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရန်၊

(ဆ) ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်ပြား လျှောက်ထားရယူရန်၊

(ဇ) သက်ဆိုင်ရာနိုင်ငံအလိုက် ပြည်ဝင်ခွင့် ဗီဇာလျှောက်ထားရယူရန်၊

(ဈ) ပြည်ပသို့ သတ်မှတ်ဂိတ်များမှ တရားဝင်ထွက်ခွာရန်၊

(ည) သက်ဆိုင်ရာနိုင်ငံသို့ ရောက်ရှိပါက အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားရန်။

၄။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်

(က) အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တရားဝင်ထုတ်ပေးထားသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် တိုက်ရိုက်ချိတ်ဆက်ရန်၊

(ခ) နိုင်ငံအလိုက် သတ်မှတ်ဝန်ဆောင်ခကိုသာ စေလွှတ်မည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီထံ တိုက်ရိုက်ပေးသွင်း၍ မိမိပေးသွင်းသည့် ငွေကြေးပမာဏ ရေးသွင်းထားသည့် ငွေရပြေစာကို မပျက်မကွက် (မပျက်မကွက်) တောင်းခံရန်၊

(ဂ) ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် တရားဝင်ခန့်အပ်သည့် နယ်ကိုယ်စားလှယ်များကသာ အလုပ်သမားစုဆောင်းခွင့်ရှိ၍ ခွင့်ပြုချက်

မရှိဘဲ စုဆောင်းပါက ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ထောင်ဒဏ် ၇ နှစ်နှင့် ငွေဒဏ် ချမှတ်နိုင်ကြောင်း သိထားရန်။

၅။ အောက်ဖော်ပြပါ နေရာများတွင် သတင်းအချက်အလက်များရရှိနိုင်ပြီး အေဂျင်စီများက ဝန်ဆောင်ခ ပိုမိုတောင်းခံပါက ငွေရပြေစာနှင့်အတူ စာရွက်စာတမ်း အထောက်အထား အပြည့်အစုံဖြင့် တိုင်ကြားနိုင်သည်-

(က) နေပြည်တော်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ (၀၆၇-၄၃၀၁၈၃၊ ၀၆၇-၄၃၀၁၈၅)၊

(ခ) နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ၂၄ နာရီဖွင့်လှစ်ထားသည့် Complaints Mechanism Centre များ (၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄၊ ၀၁-၆၅၀၀၈၉, ၀၁-၆၅၀၁၈၇) ၊

(ဂ) အလုပ်သမားညွှန်ကြား ရေးဦးစီးဌာနရုံးများ၊ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊

(ဃ) ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (Migrant Resource Centres - MRCs) များ၊

(င) ဝန်ကြီးဌာန Website www.mol.gov.mm နှင့် Ministry of Labour, Immigration and Population facebook page၊

(စ) ဦးစီးဌာန၏ Safe Migration facebook page၊

(ဆ) မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ရုံး (၀၁-၂၅၆၇၂၇, ၀၁-၂၅၆၈၈၇) ။

## ၆။ လိုက်နာဆောင်ရွက်ရမည့် အချက်များ

(က) မိမိသွားရောက်လုပ်ကိုင်မည့် နိုင်ငံ၏ ဥပဒေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို သိရှိ လေးစားလိုက်နာရန်၊

(ခ) အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ပါ အချက်အလက်များ၊ လုပ်ငန်းသဘောသဘာဝနှင့် လုပ်ငန်းခွင်ဆိုင်ရာ လေးစားလိုက်နာရန် ကိစ္စရပ်များ၊ ဆောင်ရန်/ ရှောင်ရန်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်

ရာ အချက်များနှင့် အလုပ်ရှင်၊အလုပ်သမား သဘောတူစာချုပ်ပါ အလုပ်သမား၏ တာဝန်ဝတ္တရားများကို သိရှိလိုက်နာဆောင်ရွက်ရန်၊

(ဂ) တရားဝင် အလုပ်သမားအဖြစ် လုပ်ကိုင်နိုင်ရေး သက်တမ်းရှိသော နိုင်ငံကူး လက်မှတ်၊ သက်ဆိုင်ရာနိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိသော နေထိုင်ခွင့် ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ရယူရန်၊

(ဃ) မိမိ နိုင်ငံကူးလက်မှတ်၊ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်နှင့် ခရီးသွားအထောက် အထားများအပြင် အရေးကြီးစာရွက်စာတမ်းများကို သေချာစွာ သိမ်းဆည်းရန်၊

(င) နိုင်ငံကူးလက်မှတ်နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်သွားရန်၊

(စ) အရေးကြီး စာရွက်စာတမ်း မူရင်းများကို အခြားသူများထံ အပ်နှံခြင်း၊ ပေးအပ်ခြင်း မပြုရန်၊

(ဆ) ပြည်ပတွင် ဆက်သွယ်အကူအညီ တောင်းခံရမည့် ဖုန်းနံပါတ်နှင့် လိပ်စာများ၊ တာဝန်ယူစေလွှတ်ခဲ့သော အေဂျင်စီ၏ ဖုန်းနံပါတ်၊ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာ သံရုံးနှင့် အလုပ်သမားသံအရာရှိတို့၏ ဖုန်းနံပါတ်နှင့် လိပ်စာများ၊ မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲနှင့် Complaints Mechanism Centers တို့၏ ဖုန်းနံပါတ်များ မှတ်သားထားရန်၊

(ဇ) ပြည်ပသို့ ရောက်ရှိပါက မြန်မာနိုင်ငံရှိ မိသားစုများ၊ မိတ်ဆွေ သူငယ်ချင်းများထံ အဆက်အသွယ်ပြုလုပ်ထား၍ မိမိ နေထိုင်သော လိပ်စာနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ အသိပေးရန်၊

(ဈ) အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ချုပ်ဆိုချိန် စာချုပ်ပါ အချက်များ သေချာစွာ သဘောပေါက်နားလည်ပြီး မိမိအမှန်တကယ် လုပ်ကိုင်နိုင်မည့် လုပ်ငန်းခွင်အမျိုးအစားဖြစ်မှသာ သဘောတူလက်မှတ်ရေးထိုး၍ စာချုပ်ချုပ်ဆို ရန်၊

(ည) ပြည်ပတွင် နေထိုင်ခွင့်သက်တမ်း ကျော်လွန်နေထိုင်ခြင်း၊ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ပါ အလုပ်ရှင်၊ အလုပ်နေရာနှင့် အမှန်တကယ် လုပ်ကိုင် နေသည့် အလုပ်ရှင်၊ အလုပ်နေရာ လွဲမှားခြင်းတို့ကြောင့် တရားဝင် သွားရောက် လုပ်ကိုင်

သော်လည်း တရားမဝင် အလုပ်သမားအဖြစ် ရောက်ရှိ၍ အရေးယူ ခံရနိုင်၍ အလေးထားဆောင်ရွက်ရန်၊

(ငှ) တရားဝင်လမ်းကြောင်းဖြင့် မိသားစုထံ ငွေလွှဲပို့နိုင်ရေး ကြိုတင်လေ့လာပြီး တရားဝင်လမ်းကြောင်းဖြင့်သာ ငွေလွှဲပို့ရန်။